Mahidol University
Institute for Population
and Social Research

သုတသေနအကျဉ်းချုပ်

# ကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မူဝါဒများ



**ရေးသူ** - လက်ထောက်ပါမောက္ခ ဒေါက်တာ ဆာကာရင် နီယွန်ဆီပါ၊ လူဦးရေနှင့် လူမှုရေးရာ သုတသေန အင်စတီကျု (မဟီဒေါတက္ကသိုလ်)

# ဒေသတွင်းစီးပွားရေး ပြန်လည်ဦးမော့လာမှု နှင့် လူဦးရေ ပြောင်းလဲလာမှုတို့နှင့်အတူ အရှေ့တောင်အာရှတွင်း ကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းနေထိုင်ခြင်းသည် သိသိသာသာ တိုးလာဖွယ်ရှိသည်။



**ပထမအချက်မှာ** အရှေ့တောင်အာရှဒေသတွင်း စီးပွားရေး ပေါင်းစည်းမှုသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ် နှံမှုနှင့် ရွှေ့ပြောင်းသွားလာမှုတို့ကို တိုးမြင့်စေသည်။ အသိပညာအခြေခံစီးပွားရေး၏ အရေးပါမှု ကြီး ထွားလာသည်နှင့်အမျှ ဒေသတွင်းရှိ IT ကျွမ်းကျင်သူများနှင့် အခြားသော ကျွမ်းကျင်ပညာရှင်များကို ပိုမိုရွှေ့ပြောင်းလာစေသည်။




**ဒုတိယအချက်မှာ** အာဆီယံနိုင်ငံများတွင် ကျွမ်းကျင်ပညာရှင်များ၏ ရွှေ့ပြောင်းနေထိုင်မှု တိုးမြင့်ခြင်း သည် အာဆီယံ အသိုက်အဝန်း၏ ဦးစားပေးဖြစ်သည် ။ အင်ဂျင်နီယာ၊ သူနာပြု၊ ဗိသုကာ ပညာ၊ ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ ခရီးသွားလုပ်ငန်း၊ စစ်တမ်း ကောက်ယူခြင်းနှင့် စာရင်းကိုင် လုပ်ငန်း အပါအဝင် ကျွမ်းကျင်သော ကဏ္ဍရှစ်ခုတွင် အာဆီယံနိုင်ငံသား များ၏ ရွှေ့ပြောင်းနေထိုင်နိုင်မှုကို တိုး မြှင့်ရန်အတွက် အာဆီယံနိုင်ငံများမှ MRAs (Mutual Recognition Arrangements) ဟုခေါ်ဆိုသော နှစ်ဘက်သဘောတူ အသိအမှတ်ပြု အစီအမံများကို လက်မှတ်ရေးထိုးခဲ့ကြသည်။




**တတိယအချက်မှာ** နိုင်ငံတကာကျောင်းသားများ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်းသည် ဒေသတွင်းတွင် နိုင်ငံရပ်ခြား ကျောင်းသားအများအပြား အလုပ်အကိုင် ရရှိသောကြောင့် ကျွမ်းကျင်မှု ရွှေ့ပြောင်းခြင်းကို ပိုမိုဖြစ်ထွန်းစေပါသည်။





**စတုတ္ထအချက်မှာ** အရှေ့တောင်အာရှရှိ နိုင်ငံအများအပြားသည် ၎င်းတို့၏ နည်းပညာမြင့် စက်မှုလုပ် ငန်းများကို ပံ့ပိုးပေးရန်အတွက် ကျွမ်းကျင်သော ရွှေ့ပြောင်းလုပ်သားများ ဖိတ်ခေါ် နိုင်ရန် Foreign talent policy ဟုခေါ်ဆိုသော နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များဆိုင်ရာ မူဝါဒကို ချမှတ်ခဲ့ကြသည်။




**ပဉ္စမအချက်မှာ** ထိုင်း၊ စင်ကာပူနှင့် ဂျပန်တို့ကဲ့သို့ အာရှရှိ အချို့နိုင်ငံများသည် အသက်အရွယ် ကြီး ရင့်သော လူ့အဖွဲ့အစည်းများဖြစ်ကြပြီး ယင်းနိုင်ငံများတွင် လုပ်သားအင်အား ကျဆင်းလာခြင်း ကြောင့် လစ်လပ်သွားသော အလုပ်အကိုင်နေရာများကို ဖြည့်ဆည်းနိုင်ရန် အစိုးရများသည် ရွှေ့ ပြောင်းလုပ်သားများ ခေါ်ယူဖြည့်တင်းမှု လုပ်ဆောင်ရန်လိုအပ်လာသည်။

ဝင်ငွေမြင့်မားသော စီးပွားရေးအဆင့်အတန်းတစ်ခုရရှိရန် ထိုင်းနိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း နည်းပညာမြင့်စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကျွမ်းကျင်ရွှေ့ပြောင်းလုပ်သား သန်းအနည်းငယ် လိုအပ်မည်ဟု ခန့်မှန်းထားသည်။ လူဦးရေနှင့် လုပ်သားအင်အား ကျဆင်းလာခြင်းကို ကာမိစေရန် နိုင်ငံသည် အမြဲတမ်းအခြေချနေထိုင်မည့် ရွှေ့ပြောင်းနေထိုင်သူ များစွာ လိုအပ်မည် ဖြစ်သည်။

အဆိုပါ အနေအထားများ ရှိနေသော်လည်း ထိုင်းနိုင်ငံသည် နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ ဆိုင်ရာ မူဝါဒကို ချမှတ်ရန် အလွန်နှေးကွေးနေပါသည်။




ဘန်ကောက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီ Smart ဗီဇာ အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ သို့သော်လည်း ဗျူရိုကရေစီစနစ် ကြန့်ကြာမှုနှင့် ခက်ခဲ သောစည်းမျဉ်းများသည် ၎င်းတို့အား ဆွဲဆောင်ခြင်းထက် ကျွမ်းကျင်သော ရွှေ့ပြောင်းလုပ်သားများ ကို ဟန့်တားထားပုံပေါ်သဖြင့် စိတ်ဝင်စားမှု အနည်းငယ်သာ ရရှိခဲ့သည်။

မကြာသေးမီက ထိုင်းနိုင်ငံသည် ၎င်း၏စီးပွားရေးကို မြှင့်တင်ရန်အတွက် ကျွမ်းကျင်ရွှေ့ပြောင်း နေထိုင်သူ အများအပြားနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတန်ဖိုး မြင့်မားသူများ ကို နိုင်ငံတွင်းသို့ ဖိတ်ခေါ် နိုင် ရန် ရည်ရွယ်၍ ရေရှည်နေထိုင်ရန်ဗီဇာ (LTR Visa) အသစ်ကို စတင်လိုက်ပြီဖြစ်သည်။ တစ်ဖန် လိုအပ်ချက်များနှင့် စည်းမျဉ်းများ များပြားခြင်းသည် ကျွမ်းကျင်ရွှေ့ပြောင်းနေထိုင်သူများ၏ စိတ်ဝင်စားမှု ရရှိရန် အတားအဆီးဖြစ်ခဲ့သည်။ ထို့အပြင် LTR Visa သည် ထိုင်းနိုင်ငံတွင် အစားထိုး ရွှေ့ပြောင်းနေထိုင်ခြင်းသို့ ဦးတည်သည့် အမြဲတမ်းနေထိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်ရနိုင် သည့် နည်းလမ်းတစ်ခုမဟုတ်ပေ။



ထိုင်းနိုင်ငံသည် ၎င်း၏ နည်းပညာတိုးတက်မှုကို အဆင့်မြှင့်တင်ရန်နှင့် လူဦးရေတိုးပွားနှုန်း ကျဆင်းလာခြင်းကို နေးကွေးစေရန် အစားထိုးရွှေ့ပြောင်းခြင်းဆီသို့ ဦးတည်သည့် နည်းလမ်းအဖြစ် ထိုင်းနိုင်ငံတွင် ကျွမ်းကျင်မှုရွှေ့ပြောင်းခြင်းကို ဦးစားပေးရန် လိုအပ်မည်ဖြစ်သည်။ ဥပမာအားဖြင့်၊ နိုင်ငံအတွင်းဖွင့်လှစ်ရန် ရည်ရွယ်ထားသော လုပ်ငန်းများတွင် နိုင်ငံခြားမှ အရည်အချင်းရှိ ကျွမ်းကျင် ပညာရှင်များကို ဆွဲဆောင်ရန် ၎င်း၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို မြှင့်တင်သင့်သည်။ အမြဲတမ်းနေ ထိုင်ခွင့်လမ်းကြောင်းဆီသို့ဦးတည်၍ အရည်အချင်းပြည့်မီသော ရွှေ့ပြောင်းနေထိုင်သူများအတွက် ပိုမိုကြာရှည်စွာနေထိုင်ခွင့်ပြုရန် ပြောင်းလွယ်ပြင်လွယ်ရှိသော ဗီဇာအစီအစဉ်များကို လက်ခံကျင့်သုံး သင့်ပါသည်။




ထို့အပြင်နိုင်ငံတကာပညာရေးအဖွဲ့အစည်းများသည်အစိုးရ၏ ဦးစားပေးအထောက်အပံ့များ ရရှိ သင့်သည်။ ထိုင်းနိုင်ငံတွင် နိုင်ငံခြားတက္ကသိုလ်များကို ၎င်းတို့၏ကျောင်းခွဲများ ဖွင့်လှစ်ရန် တွန်းအား ပေးသင့်ပြီး ထိုမှတစ်ဆင့် အရည်အချင်းပြည့်မီသော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားများကို နိုင်ငံအတွင်းသို့ ဖိတ်ခေါ် နိုင်မည်ဖြစ်သည်။ ကျောင်းသား၏ ပညာရေးဆိုင်ရာပရိုဂရမ်နှင့် လိုက်လျောညီထွေရှိစေရန် ပညာရေးဗီဇာကိုလည်း ပြန်လည်မွမ်းမံသင့်သည်။ နိုင်ငံခြားကျောင်းသား များသည် ဘွဲ့ရပြီးပါက ထိုင်းနိုင်ငံတွင် အနည်းဆုံးခြောက်လကြာ အလုပ်အကိုင်ရှာဖွေခွင့်ရှိသင့်သည်။

ယင်းမူဝါဒ မြှင့်တင်ခြင်းသည် ထိုင်းနိုင်ငံတွင် အလုပ်သမားရှားပါးမှုနှင့် ကျွမ်းကျင်မှု ချို့တဲ့ခြင်းကို လျှော့ချရန် ရေရှည်ဆောင်ရွက်ရမည့်နည်းလမ်းတစ်ခုဖြစ်သည်။အာဆီယံဒေသအတွင်း ကျွမ်းကျင် ပညာရှင် ရွှေ့ပြောင်းနေထိုင်သူများအတွက် ဦးတည်ရာတစ်ခုအဖြစ် ထိုင်းနိုင်ငံကို အပြိုင်အဆိုင် နေရာတစ်ခု ဖြစ်စေရန် အခြားသောမူဝါဒများနှင့် အစီအစဉ်များစွာကိုလည်း လုပ်ဆောင်သင့်သည်။ ဒေသတွင်း လူများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းမှုကို လွယ်ကူချောမွေ့စေရန် အာဆီယံ၏ ကျွမ်းကျင်မှုရွှေ့ပြောင်းခြင်းဆိုင်ရာ MRAs သဘောတူညီမှုများကို အပြည့်အဝ အကောင် အထည် ဖော်သင့်သည်။



အသေးစိတ်အချက်အလက်များကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ SEA Junction တွင် ပြုလုပ်မည့် နှီးနှောဖလှယ်ပွဲတွင် အသေးစိတ် လေ့လာနိုင်ပါသည်။